ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၆၆ / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ဇူလိုင်လ ၂၃ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၄၆၂၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤစည်းမျဉ်းများကို မြန်မာနိုင်ငံ ကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) "အီလက်ထရောနစ် မှတ်ပုံတင်စနစ်" ဆိုသည်မှာ မှတ်ပုံတင် အရာရှိက ဥပဒေပုဒ်မ ၄၂၁ အရ တည်ထောင်ထားသော အီလက်ထရောနစ်နည်းပညာဖြင့် မှတ်ပုံတင်စနစ်ကို ဆိုသည်။

(ခ) "ဥပဒေ"ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ကိုဆိုသည်။

(ဂ) "ပြန်လည် မှတ်ပုံတင်ရမည့်ကာလ" ဆိုသည်မှာ ဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်၍ ၆ လဖြစ်သောကာလကို ဆိုသည်။

(ဃ) "မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်" ဆိုသည်မှာ အောက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်ခုခုကိုဆိုသည် -

(၁) ဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်း တစ်စုံတစ်ရာ တင်သွင်းခြင်း၊ပေးပို့တင်ပြခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း၊

(၂) ဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားလွှာ တစ်ခုခု ပြုလုပ်ခြင်း၊ တင်သွင်းခြင်းနှင့် တောင်းဆိုခြင်း၊

(၃) ဥပဒေအရမှတ်ပုံတင်အရာရှိထံသို့ကြေညာချက် တစ်စုံတစ်ရာကို တင်ပြခြင်း၊

(၄) ဥပဒေအရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားသော စာရွက်စာတမ်း၊ မှတ်တမ်း သို့မဟုတ် သတင်းအချက်အလက် တစ်စုံတစ်ရာကို ထုတ်နုတ်ခြင်း၊ ပြန်လည်ထုတ်ယူခြင်း သို့မဟုတ် ဝင်ရောက် ကြည့်ရှုခြင်း။

## အခန်း (၂)

## မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း

၃။ (က) အီလက်ထရောနစ် မှတ်ပုံတင်စနစ်ကို မှတ်ပုံတင်အရာရှိက တည်ထောင်ထိန်းသိမ်းရမည်။ ဥပဒေအရ မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ်ကို အသုံးပြုဆောင်ရွက်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ခြင်းဆိုင်ရာဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည့်နည်းလမ်းအား ဆုံးဖြတ်နိုင်သည့်အပြင် မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်တစ်စုံတစ်ရာကို အီလက်ထရောနစ်နည်းဖြင့်သာ ဆောင်ရွက်ရန်ညွှန်ကြားနိုင်သည်။

(ဂ) မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်ကို ဆောင်ရွက်လိုသူက အီလက်ထရောနစ် မှတ်ပုံတင်စနစ်ကို အသုံးပြု၍ မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်ကို ဆောင်ရွက်နိုင်ခြင်းမရှိပါက မှတ်ပုံတင်အရာရှိက ဆုံးဖြတ်သည့်နည်းလမ်းဖြင့် မှတ်ပုံတင်ခြင်းဆိုင်ရာဆောင်ရွက်ချက်ကိုဆောင်ရွက်ရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် အခကြေးငွေများ၊ နောက်ကျကြေးများကို ပေးသွင်းစေခြင်း၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့ပြင် အီလက်ထရောနစ်နည်းလမ်းဖြင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်

များကို မပြုလုပ်ပါက ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် သီးခြား ဝန်ဆောင်ခကိုလည်း ပေးသွင်းစေရမည်။

(င) မှတ်ပုံတင်အရာရှိသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်ကို ငြင်းဆိုနိုင်သည်-

(၁) သတ်မှတ်ဖော်ပြထားသောပုံစံများတွင် အချက်အလက်များ ပြည့်စုံစွာ မဖြည့် သွင်းခြင်း သို့မဟုတ် သတ်မှတ်ပုံစံများအသုံးမပြုခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသော ပုံစံနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း များတင်ပြရန် ပျက်ကွက်ခြင်းနှင့် မပြည့်စုံခြင်း၊

(၃) မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်အတွက် ပေးဆောင်ရမည့် သတ်မှတ် အခကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ခြင်း။

(စ) ကုမ္ပဏီတစ်ခုသည် ယင်း၏ မှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေး လုပ်ငန်း အဓိကလုပ်ကိုင်ဆောင်ရွက်ရာနေရာ သို့မဟုတ် ဥပဒေအရ ထိန်းသိမ်း ထားသောကုမ္ပဏီ၏ မှတ်ပုံတင်စာရင်း၊ အညွှန်းစာရင်းများကို ထိန်းသိမ်းထားသည့် နေရာတွင် အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်ထားသော အထောက် အထားများနှင့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုး၍ ထိန်းသိမ်းထားရှိရမည်။

(ဆ) အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ် များနှင့် စပ်လျဉ်း၍ အီလက်ထရောနစ်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်–

(၁) ဥပဒေအရ မှတ်ပုံတင်အရာရှိကထုတ်ပေးရန် လိုအပ်သော အကြောင်းကြားစာ၊ သက်သေခံ အထောက်အထားလက်မှတ် သို့မဟုတ် စာရွက်စာတမ်းတို့ကို ထုတ်ပေးခြင်း၊

(၂) ဥပဒေအရ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းသက်သေခံရန် လိုအပ်သော ပုံစံ၊ စာရွက်စာတမ်း သို့မဟုတ် စာရွက်စာတမ်း တစ်စောင်၏ ကောက်နုတ် ချက်တို့ကို မှန်ကန်ကြောင်း ထောက်ခံခြင်း၊

(၃) အပိုဒ်ခွဲ (၁) နှင့် (၂) တို့တွင် ဖော်ပြထားသော မှတ်ပုံတင်အရာရှိက ထုတ်ပေး သည့် သို့မဟုတ် မှန်ကန်ကြောင်း ထောက်ခံထားသည့် စာရွက်စာတမ်း တစ်စုံ တစ်ရာကို ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုက အကြောင်းကြားထား သော အီလက်ထရောနစ်လိပ်စာများသို့ ဤကိစ္စအလို့ငှာ ပေးပို့ခြင်း။

(ဇ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်းဆိုင်ရာဆောင်ရွက်ချက်များကို ပြုလုပ်သူ သို့မဟုတ် ယင်း၏ အချက်အလက် တစ်စုံတစ်ရာကို မှတ်ပုံတင်ရမည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ သေချာမှုရှိစေရန် သက်ဆိုင်သူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားလိုအပ်သော စာရွက်စာတမ်းများကို တောင်းဆိုနိုင်သည်။

## အခန်း(၃)

## တည်ဆဲကုမ္ပဏီများနှင့်အခြားအဖွဲ့အစည်းများပြန်လည်မှတ်ပုံတင်ခြင်း

၄။ (က) တည်ဆဲကုမ္ပဏီများနှင့် အဖွဲ့အစည်းများအားလုံးသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် ပြန်လည်မှတ်ပုံတင်ရမည့် ကာလအတွင်း အီလက်ထရောနစ် နည်းလမ်းဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ပြန်လည်မှတ်ပုံတင်ရမည်။

(ခ) ဤစည်းမျဉ်းအရ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် တည်ဆဲကုမ္ပဏီများနှင့် အဖွဲ့အစည်းများထံ စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို အီလက်ထရောနစ် နည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းကြားနိုင်သည်။

(ဂ) ပြန်လည်မှတ်ပုံတင်ရန် ကာလအတွင်း တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် ပြန်လည်မှတ်ပုံတင်ခြင်း မပြုလုပ်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါအကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သည်။ သို့ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် ကုမ္ပဏီတွင် ပါဝင်သူများ အားလုံး၏ တာဝန်ရှိမှုများ ရှိခဲ့လျှင် ကုမ္ပဏီကိုဖျက်သိမ်းခြင်း မပြုသကဲ့သို့ ဆက်လက် အကျိုးသက်ရောက်စေရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပြန်လည်မှတ်ပုံတင်ရန် ကာလအတွင်း အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သော တည်ဆဲ ကုမ္ပဏီ တစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် ပျက်ကွက်ရခြင်းအတွက် ခိုင်လုံသော အကြောင်း

ပြချက်ဖြင့် တင်ပြလာပါက မှတ်ပုံတင်စာရင်းမှ ယင်း၏အမည်ကို ပယ်ဖျက်ခြင်း မပြုမီ ပြန်လည်ထိန်းသိမ်းနိုင်ပြီး ထိုသို့ပြန်လည်ထိန်းသိမ်းခြင်းအတွက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ပေးဆောင် ရမည့် အခကြေးငွေ တစ်စုံတစ်ရာကို ပေးဆောင်စေရန် ဆောင်ရွက်နိုင်သည်။

(င) ပြန်လည်မှတ်ပုံတင်ရမည့် ကာလအတွင်း ပြန်လည်မှတ်ပုံတင်ခြင်းမပြုသော တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ပြန်လည်မှတ်ပုံတင်ရမည့်ကာလ ကုန်ဆုံးချိန်မှစ၍ အပိုဒ်ခွဲ (ဃ) အရ မှတ်ပုံတင်အရာရှိက ပြန်လည်ထိန်းသိမ်းခြင်း ပြုလုပ်သည့် အချိန်အထိ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

**ပြန်လည်မှတ်ပုံတင်ခြင်းအတွက်လျှောက်ထားခြင်း**

၅။ (က) တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ပြန်လည်မှတ်ပုံတင်ရန် လျှောက်ထားမှုကို မှတ်ပုံတင် အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် တင်ပြရမည်ဖြစ်ပြီး အောက်ပါ အချက်များကိုထည့်သွင်းဖော်ပြရမည်–

(၁) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာနှင့် အတွင်းရေးမှူး ရှိခဲ့လျှင် တစ်ဦးစီ၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ။

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ မှတ်ပုံတင်ထားသောရုံးခန်းလိပ်စာ။

(၃) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေး လုပ်ငန်းများကို အဓိက လုပ်ဆောင်သည့် နေရာလိပ်စာ (မှတ်ပုံတင်ထားသော ရုံးခန်း လိပ်စာနှင့် ကွဲလွဲခဲ့လျှင်)။

(၄) တည်ဆဲကုမ္ပဏီဖြစ်ပါက -

(កက) ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်အပြည့်အစုံနှင့် နေရပ်လိပ်စာ အပြင် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသို့ ထုတ်ပေးထား သောအစုရှယ်ယာ အရေအတွက်နှင့် အစုရှယ်ယာအမျိုးအစား။

(ခခ) မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီပါရှိလျှင် ထိုသို့ပါရှိကြောင်း ဖော်ပြချက်။

(ဂဂ) ပြန်လည် မှတ်ပုံတင်သည့်အခါ နိုင်ငံခြား ကုမ္ပဏီ တစ်ခု သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခု မဟုတ်ကြောင်း ဖော်ပြချက်။

(၅) သတ်မှတ်ဖော်ပြထားသည့်ပုံစံတွင်ဖော်ပြရမည့်အခြားအကြောင်းအရာများ။

(ခ) တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ပြန်လည်မှတ်ပုံတင်ရန် လျှောက်ထားသည့် ပုံစံနှင့်အတူ ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (၎င်း၏ တည်ဆဲသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းအပါအဝင်) မိတ္တူ တစ်စောင် ပူးတွဲတင်ပြပါရှိရမည် သို့မဟုတ် သတ်မှတ်ဖော်ပြထား သော ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုံစံကို ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက အသုံးပြု ကြောင်းဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်တစ်စောင် တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပြန်လည်မှတ်ပုံတင်ရန်အပိုဒ်ခွဲ (က) နှင့် (ခ) အရ ပြည့်စုံစွာ ဆောင်ရွက်တင်ပြလာသည့်လျှောက်ထားလွှာတစ်စောင်ကိုလက်ခံရရှိသည့်အခါ-

(၁) တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏အသေးစိတ်အချက်အလက်များကို အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် ထည့်သွင်းဖော်ပြရမည်။

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအတွက် မှတ်ပုံတင်ထားကြောင်း သက်သေခံလက်မှတ်တစ်စောင်ကိုထုတ်ပေးရမည်။

(၃) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း အတွက် မှတ်ပုံတင်နံပါတ်အသစ် တစ်ခု ထုတ်ပေးရမည်။

(ဃ) အပိုဒ်ခွဲ (ဂ) အရ ထုတ်ပေးသော တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ မှတ်ပုံတင်ထားကြောင်းသက်သေခံလက်မှတ်သည်−

(၁) မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေအရ လိုအပ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊

(၂) သက်သေခံလက်မှတ်တွင် ဖော်ပြထားသော မှတ်ပုံတင်သည့် နေ့ရက်မှစ၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း ပြည့်စုံခိုင်လုံသော သက်သေခံ အထောက်အထားဖြစ်သည်။

**ပြန်လည်မှတ်ပုံတင်ထားသောအဖွဲ့အစည်းများ၏ရပ်တည်မှု**

၆။ ဤကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများအရ တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ပြန်လည်မှတ်ပုံတင်ခြင်းသည်−

(က) ဥပဒေအရရပ်တည်နိုင်သည့် အဖွဲ့အစည်းအသစ်တစ်ခု ပေါ်ပေါက်လာခြင်းမရှိစေရ။

(ခ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ပစ္စည်းများ၊ အခွင့်အရေးနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

(ဂ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများကသော်လည်းကောင်း၊ ယင်းတို့အပေါ်တွင် လည်းကောင်း ဆောင်ရွက်နေသည့် တရားစွဲဆိုမှုများကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပြုလုပ်ရန် လိုအပ်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဒဏ်ကြေးအနေဖြင့် ပေးချေရမည့် ငွေပမာဏတစ်ရပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအတွက် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ရှိမှုကို ထိခိုက်ခြင်းမရှိစေရ။

**ပြန်လည်မှတ်ပုံတင်သောကုမ္ပဏီများအတွက်စည်းမျဉ်းများ**

၇။ (က) တည်ဆဲကုမ္ပဏီက ပြန်လည်မှတ်ပုံတင်သည့်အခါ ပြန်လည်မှတ်ပုံတင်ခြင်းမပြုမီက တည်ဆဲကုမ္ပဏီမှ ထုတ်ပေးထားသော အစုရှယ်ယာများအားလုံးသည် မူရင်းတန်ဖိုး သို့မဟုတ် အမည်ခံတန်ဖိုး သတ်မှတ်ချက် မရှိသော အစုရှယ်ယာများအဖြစ်သို့ လဲလှယ်သည်ဟု မှတ်ယူရမည်။ သို့သော်ထိုသို့လဲလှယ်ခြင်းသည် အစုရှယ်ယာများ၏ အခွင့်အရေးနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိသည့်အပြင် အောက်ဖော်ပြပါ သီးခြားအခြေအနေများတွင်လည်းထိခိုက်မှုမရှိဟု မှတ်ယူရမည်-

(၁) ခွဲဝေခြင်း၊ မဲပေးခြင်း၊ ပြန်လည်ရွေးနုတ်ယူနိုင်သော အစုရှယ်ယာများကို ပြန်လည် ရွေးနုတ်ယူခြင်း သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ကုမ္ပဏီ၏ ပိုလျှံသော ရရန်ပိုင်ခွင့်များကို ခွဲဝေခြင်းတို့နှင့်စပ်လျဉ်း၍ အစုရှယ်ယာများပိုင်ဆိုင်သူ၏ ခံစားပိုင်ခွင့် နှင့်

(၂) အစုရှယ်ယာနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်တစ်ဦး၏ မပေးချေရသေးသော တာဝန်ရှိမှုတစ်ခုခု။

(ခ) တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ဤစည်းမျဉ်းများအရ ပြန်လည်မှတ်ပုံတင်ရာတွင် ၎င်း၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့နှင့် ကွဲလွဲသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုအသုံးပြုရန်ဆုံးဖြတ်နိုင်သည်။

(ဂ) အစုအားဖြင့် တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သော ကုမ္ပဏီဖြစ်သော တည်ဆဲကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ဤစည်းမျဉ်းများအရ

ပြန်လည်မှတ်ပုံတင်ရာတွင် သတ်မှတ်ဖော်ပြထားသော ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပုံစံကို အသုံးပြုရန် ဆုံးဖြတ်နိုင်သည်။

**ပြန်လည်မှတ်ပုံတင်ရန်ကာလအတွင်းနှစ်စဉ်အစီရင်ခံစာတင်ပြခြင်းမှသက်သာခွင့်**

၈။ ဥပဒေပုဒ်မ ၉၇ သို့မဟုတ် ပုဒ်မ ၅၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့်အညီ နှစ်စဉ် အစီရင်ခံစာတစ်စောင် တင်ပြရန် လိုအပ်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ပြန်လည်မှတ်ပုံတင်ရန်ကာလအတွင်း တင်ပြရမည့် နှစ်စဉ် အစီရင်ခံစာကိုတင်ပြရန်မလိုအပ်ပါ။

## အခန်း (၄)

## အစုရှယ်ယာများ၏ မူရင်းတန်ဖိုးသို့မဟုတ်အမည်ခံတန်ဖိုးဖျက်သိမ်းခြင်းနှင့် ဆက်စပ်သောကူးပြောင်းခြင်း ဆိုင်ရာပြဋ္ဌာန်းချက်များ

၉။ (က) ဥပဒေ စတင်အာဏာတည်သည့် နေ့မတိုင်မီ သို့မဟုတ် အာဏာတည်သည့်နေ့ သို့မဟုတ် အာဏာတည်ပြီးနောက် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးထားသော အစုရှယ်ယာအားလုံးသည် ဥပဒေ ပုဒ်မ ၆၀ ပုဒ်မခွဲ (ခ) နှင့်အညီဖြစ်စေရမည်။

(ခ) ဥပဒေစတင်အာဏာ တည်သည့်နေ့မတိုင်မီက ထုတ်ပေးသော အစုရှယ်ယာ တစ်ခုအတွက်-

(၁) ပေးချေထားသော ငွေပမာဏသည် အစုရှယ်ယာအတွက် မည်သည့်အချိန်မဆို ကုမ္ပဏီသို့ ပေးချေထားသောငွေပမာဏ အားလုံးဖြစ်သည်။

(၂) မပေးချေဘဲ ကျန်ရှိသော ငွေပမာဏသည် အစုရှယ်ယာ၏ ထုတ်ပေး တန်ဖိုးနှင့် အစုရှယ်ယာအတွက် ပေးချေထားသော ငွေပမာဏတို့၏ ခြားနားချက်ဖြစ်သည်။

(ဂ) ဥပဒေ စတင်အာဏာတည်သည့် နေ့မတိုင်မီက ထုတ်ပေးထားသော အစုရှယ်ယာများအပေါ် မပေးချေဘဲ ကျန်ရှိသောငွေနှင့် စပ်လျဉ်း၍ တောင်းခေါ်မှုများအတွက် အစုရှယ်ယာရှင်တစ်ဦး၏ တာဝန်ရှိမှု (အစုရှယ်ယာများ၏ အမည်ခံတန်ဖိုး စာရင်းဖြင့်ဖြစ်စေ သို့မဟုတ် ပရီမီယံကြေး ပေးဆောင်ခြင်းဖြင့်ဖြစ်စေ) သည် အစုရှယ်ယာ

တွင်ပါရှိသော အမည်ခံတန်ဖိုး သို့မဟုတ် မူရင်းတန်ဖိုး ရပ်စဲခြင်းကြောင့် ပျက်ပြယ်ခြင်းမရှိစေရ။

(ဃ) ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ကုမ္ပဏီ၏ အစုရှယ်ယာပရီမီယံကြေး စာရင်း၌တည်ရှိသော ကြွေးမြီပမာဏတစ်ခုခုနှင့် မတည်ငွေရင်း ပြန်လည် ရွေးနုတ်ရန်ထားရှိသော သီးသန့်ရန်ပုံငွေတို့သည် ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း အစိတ်အပိုင်းဖြစ်စေရမည်။

(င) အပိုဒ်ခွဲ (ဃ) တွင် မည်သို့ဆိုစေကာမူ ကုမ္ပဏီသည် ဥပဒေစတင်အာဏာတည်သည့်နေ့မတိုင်မီ ၎င်း၏အစုရှယ်ယာ ပရီမီယံကြေးစာရင်း၌ တည်ရှိနေသည့် ငွေကြေးပမာဏကို ဥပဒေ စတင်အာဏာတည်သည့် နေ့မှစ၍ အောက်ပါကိစ္စရပ်များအတွက် အသုံးပြုနိုင်သည်-

(၁) ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မတိုင်မီ ထုတ်ပေးထားသော ဒီဘင်ချာများ သို့မဟုတ် ပြန်လည်ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာများ၏ ပြန်လည်ရွေးနုတ်ခွင့် နှင့်စပ်လျဉ်း၍ ပေးချေရမည့် ပရီမီယံကြေးအတွက် ပေးချေခြင်း၊

(၂) ဥပဒေစတင်အာဏာတည်သည့် နေ့ရက်မတိုင်မီက ကုန်ကျခဲ့သော ကုမ္ပဏီ၏ကနဦးကုန်ကျစရိတ်များ ခုနှိမ်ခြင်း၊

(၃) ကုမ္ပဏီက အစုရှယ်ယာထုတ်ပေးခြင်းနှင့် ဆက်စပ်သည့် အခွန်၊ အခကြေးငွေ သို့မဟုတ် ပေးဆောင်ရမည့် အခွန်အခအတွက် ဥပဒေစတင် အာဏာတည်သည့် နေ့ရက်သို့မဟုတ် ယင်းနေ့ရက်မတိုင်မီက ကုန်ကျစရိတ်များ သို့မဟုတ် ကော်မရှင်ခများ သို့မဟုတ် ပေးချေခဲ့သော ပွဲစားခများ သို့မဟုတ် ခွင့်ပြုခဲ့သော လျှော့ငွေများ ခုနှိမ်ခြင်း၊

(၄) ဥပဒေ စတင်အာဏာတည်သည့် နေ့ရက်မတိုင်မီက ပြုလုပ်ခဲ့သော သဘောတူညီချက်အရ ယင်းနေ့ရက် သို့မဟုတ် ယင်းနေ့ရက်နောက်ပိုင်းမှသာ ကုမ္ပဏီတွင် ပါဝင်သူများကို ထုတ်ပေးမည့် ဆုကြေးအစုရှယ်ယာများကို ပေးဆပ်ခြင်း၊

(၅) ကုမ္ပဏီတွင် ပါဝင်သူများကို ဥပဒေစတင်အာဏာတည်သည့် နေ့ရက်မတိုင်မီက ထုတ်ပေးထားသော အစုရှယ်ယာများအပေါ် မပေးချေရသေးသော လက်ကျန်ငွေတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆပ်ခြင်း၊

(၆) ဥပဒေစတင် အာဏာတည်သည့် နေ့ရက်မတိုင်မီက ကြေညာထားသော အမြတ်ဝေစု ခွဲဝေပေးခြင်းကို ကုမ္ပဏီတွင် ပါဝင်သူများသို့ အစုရှယ်ယာများဖြင့် အမြတ်ဝေစုများ ခွဲဝေသတ်မှတ်ခြင်း။

(စ) ဥပဒေ စတင်အာဏာတည်သည့် နေ့ရက်မှစ၍အခိပ္ပာယ်ကောက်ယူခြင်းနှင့် သက်ဆိုင်စေခြင်းများကိုရည်ရွယ်၍ အဆိုပါနေ့ရက်မတိုင်မီ ချုပ်ဆိုခဲ့သည့် ပဋိညာဉ်တစ်ရပ် (ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအပါအဝင်) သို့မဟုတ် အဆိုပါနေ့ရက်မတိုင်မီ ပြုလုပ်ခဲ့သည့် အခြားစာရွက်စာတမ်းများတွင် ဖော်ပြထားသော-

(၁) အစုရှယ်ယာ၏ မူရင်းတန်ဖိုး သို့မဟုတ် အမည်ခံတန်ဖိုးတို့ကို ရည်ညွှန်းထားပါက အောက်ပါအတိုင်း မှတ်ယူရမည်-

(ကက) ယင်းနေ့ရက် မတိုင်မီက ထုတ်ပေးထားသော အစုရှယ်ယာဖြစ်ပါက အစုရှယ်ယာ၏ ယင်းနေ့ရက်မတိုင်မီ မူရင်းတန်ဖိုး သို့မဟုတ် အမည်ခံတန်ဖိုး၊

(ခခ) ယင်းနေ့ရက် သို့မဟုတ် ယင်းနေ့ရက် နောက်ပိုင်းတွင် ထုတ်ပေးထားသောအစုရှယ်ယာများ ဖြစ်သော်လည်း ယင်းနေ့ရက်မတိုင်မီ နီးကပ်စွာ ထုတ်ပေးထားသော တူညီသည့် အစုရှယ်ယာ အမျိုးအစားဖြစ်ပါကထိုအစုရှယ်ယာ၏မူရင်းတန်ဖိုးသို့မဟုတ်အမည်ခံတန်ဖိုး၊

(ဂဂ) ယင်းနေ့ရက် သို့မဟုတ် ယင်းနေ့ရက်နောက်ပိုင်းတွင် ထုတ်ပေးထားသော အစုရှယ်ယာများဖြစ်ပါက ယင်းနေ့ရက်မတိုင်မီ နီးကပ်စွာ ထုတ်ပေးထားခြင်းမရှိသော အစုရှယ်ယာအမျိုးအစားဖြစ်လျှင် ဒါရိုက်တာများက ဆုံးဖြတ်သော အစုရှယ်ယာ၏ မူရင်းတန်ဖိုး သို့မဟုတ် အမည်ခံတန်ဖိုး၊

(ဃဃ)အစုရှယ်ယာ၏ ပရီမီယံကြေးကို ရည်ညွှန်းထားပါက အဆိုပါ အစုရှယ်ယာ၏ မတည်ငွေရင်းမှ ကျန်ရှိသောငွေအဖြစ်မှတ်ယူရမည်။

(၂) အစုရှယ်ယာငွေရင်းကို ပြန်လည်ပေးအပ်နိုင်သောအခွင့်အရေးသည် အစုရှယ်ယာ၏ မူရင်းတန်ဖိုး သို့မဟုတ် အမည်ခံတန်ဖိုး နှင့်စပ်လျဉ်း၍ ပေးချေထားသော ပမာဏနှင့် တူညီသည့် ငွေရင်းကိုပြန်လည်ပေးအပ်နိုင်သောအခွင့်အရေးအဖြစ်မှတ်ယူရမည်။

(၃) ကုမ္ပဏီတစ်ခု၏ ထုတ်ပေးထားသော အစုရှယ်ယာမတည်ငွေရင်း၏ မူရင်းတန်ဖိုး သို့မဟုတ် အမည်ခံတန်ဖိုး စုစုပေါင်းသည် ယင်းနေ့ရက်မတိုင်မီ တည်ရှိသည့် စုစုပေါင်း တန်ဖိုးအဖြစ် မှတ်ယူ၍-

(ကက)ယင်းနေ့ရက်မှစ၍ ထုတ်ပေးထားသော အစုရှယ်ယာများ၏ အမည်ခံတန်ဖိုးကို စုစုပေါင်းတန်ဖိုးတွင် ထပ်တိုးရမည်။

(ခခ) ယင်းနေ့ရက်စ၍ ပယ်ဖျက်ထားသော အစုရှယ်ယာများ၏ အမည်ခံတန်ဖိုးကို စုစုပေါင်းတန်ဖိုးတွင် လျော့ချရမည်။

## အခန်း(၅)

## ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၁၀။ (က) ဥပဒေအရ မှတ်ပုံတင်ထားသော အစုအားဖြင့် တာဝန်ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သောကုမ္ပဏီတစ်ခုသည် သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပုံစံကို အသုံးပြုနိုင်သည်။

(ခ) ဥပဒေ စတင်အာဏာတည်သည့်နေ့မတိုင်မီ မှတ်ပုံတင်ထားသော တည်ဆဲကုမ္ပဏီတစ်ခု၏ သင်းဖွဲ့မှတ်တမ်း သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းတွင် အောက်ပါဖော်ပြချက်တစ်ရပ်ရပ်ပါရှိလျှင် အဆိုပါဖော်ပြချက်သည် ဥပဒေအရ ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ပယ်ဖျက်ထား၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဖော်ပြချက်တစ်ရပ်အနေဖြင့် မမှတ်ယူရ-

(၁) တည်ဆဲကုမ္ပဏီ၏ မှတ်ပုံတင်ရန် အဆိုပြုထားသော သို့မဟုတ် မှတ်ပုံတင်ထားသော အစုရှယ်ယာမတည်ငွေရင်းပမာဏ သို့မဟုတ်။

(၂) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းကို ပုံသေငွေပမာဏ အစုရှယ်ယာများအဖြစ် ခွဲဝေထားခြင်း။

(ဂ) ဥပဒေနှင့်အညီ အခြားစာရွက်စာတမ်းတစ်ခုခုတွင်-

(၁) တည်ဆဲကုမ္ပဏီ တစ်ခု၏သင်းဖွဲ့မှတ်တမ်း သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းကို ရည်ညွှန်းထားသည့် ဖော်ပြချက်တစ်ရပ်ရပ်သည် အပိုဒ်ခွဲ (ခ) ပါဖော်ပြချက်မှ တစ်ပါး ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၂) တည်ဆဲကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် သင်းဖွဲ့မှတ်တမ်းပါ ဖော်ပြချက် တစ်ရပ်ရပ်ကို ရည်ညွှန်းထားပါက အပိုဒ်ခွဲ (ခ) ပါ ဖော်ပြချက်မှ တစ်ပါး ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ဖော်ပြချက်ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

## အခန်း(၆)

## အများအားဖြင့်နေထိုင်သူဒါရိုက်တာ

၁၁။ (က) ဥပဒေပုဒ်မ ၄၆၉ ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ဒါရိုက်တာတစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူ ဒါရိုက်တာ အနည်းဆုံးတစ်ဦးမျှ ကုမ္ပဏီတစ်ခုတွင် ကျန်ရစ်ခြင်းမရှိလျှင် ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် ရာထူးနေရာရပ်နားခြင်းမပြုရ။ ထိုသို့ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် ရာထူးနေရာရပ်နားခြင်းသည် ဤအပိုဒ်ခွဲကိုဖောက်ဖျက်သဖြင့် တရားမဝင် ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) ကို ဆန့်ကျင်ဆောင်ရွက်လျှင် မှတ်ပုံတင်အရာရှိသည် ယင်းကိုယ်တိုင်အရေးယူ ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ တစ်ဦးဦး၏ လျှောက်ထားချက်အရ ဖြစ်စေ မှတ်ပုံတင် အရာရှိက ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ခန့်အပ်သင့်ကြောင်း ထင်မြင်ယူဆလျှင် နိုင်ငံတော်အတွင်းအများအားဖြင့် နေထိုင်သူ ဒါရိုက်တာတစ်ဦး ခန့်အပ်ရန် ကုမ္ပဏီတွင်ပါဝင်သူများကိုညွှန်ကြားနိုင်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည် နိုင်ငံတော်အတွင်း ၆ လ ထက် ပိုမိုသော ကာလအတွက် အများအားဖြင့် နေထိုင်သူ ဒါရိုက်တာအနည်းဆုံး တစ်ဦးမရှိဘဲ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျှင် ၆ လထက် ကျော်လွန်သော ကာလတစ်ခုလုံးတွင် သို့မဟုတ် တစ်စိတ်တစ်ပိုင်းတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သောသူသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦး ဖြစ်သည့်အပြင် ထိုကုမ္ပဏီက ဖော်ပြသည့်အတိုင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည်ကို သိရှိသူဖြစ်ပါက အဆိုပါကာလအတွင်း ပဋိညာဉ် ပြုလုပ်ထားသော ကုမ္ပဏီ၏ ကြွေးမြီအားလုံးကို ပေးချေရန် တာဝန်ရှိသည် သို့မဟုတ်ကြွေးမြီအတွက်တရားစွဲဆိုခံရမည်။

## အခန်း(၇)

## စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း

၁၂။ ဥပဒေပုဒ်မ ၄၃ အလို့ငှာ "စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခြင်း "တွင်-

(က) အလုပ်သမား ကိုယ်စားလှယ်တစ်ဦး၊ တရားဝင် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူ တစ်ဦးအနေဖြင့် လည်းကောင်း ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် ကလည်းကောင်း သို့မဟုတ် အခြားနည်းဖြင့် လည်းကောင်း မြန်မာနိုင်ငံတော် အတွင်းတွင် တည်ရှိသော ပစ္စည်းများကို အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် အခြားနည်း ဆက်သွယ်ဆောင်ရွက်မှုပါဝင်သည်။

(ခ) အမြတ်အစွန်းရယူခြင်းမရှိသော လုပ်ငန်းဖြစ်စေကာမူ ပါဝင်နိုင်သည်။

## အခန်း (၈)

## ၁၉၅၀ ပြည့်နှစ်၊အထူးကုမ္ပဏီအက်ဥပဒေအရဖွဲ့စည်းသောကုမ္ပဏီများ

၁၃။ (က) မြန်မာနိုင်ငံ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က ပိုင်ဆိုင်သည့် အစုရှယ်ယာပါဝင်သော ကုမ္ပဏီ တစ်ခုသည် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းရမည် ဖြစ်ပြီး၊ ဥပဒေ ပုဒ်မ ၃၇ (က) နှင့် အညီ အစုအားဖြင့် တာဝန်ကန့်သတ်ထားသော အများနှင့် သက်ဆိုင်သော ကုမ္ပဏီ သို့မဟုတ် အစုအားဖြင့် တာဝန်ကန့်သတ်ထားသောအများနှင့်မသက်ဆိုင်သောကုမ္ပဏီအနေဖြင့်ဥပဒေအရမှတ်ပုံတင်ရမည်။

(ခ) ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခုသည် ယင်းဥပဒေအရ သီးခြားကင်းလွတ်ခွင့်ပြုထားခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများကို တင်ပြခြင်းနှင့် ပေးပို့တင်ပြခြင်းအပါအဝင် အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီများနှင့် သက်ဆိုင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရမည်။

(ဂ) မြန်မာနိုင်ငံအစိုးရ အဖွဲ့အစည်းတစ်ရပ်က ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ ပိုင်ဆိုင်မှုကို ရပ်စဲလိုက်လျှင် အဆိုပါကုမ္ပဏီသည် အထူးကုမ္ပဏီအဖြစ်မှ ရပ်စဲရမည်ဖြစ်ပြီး ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသည်ဟု မှတ်ယူရမည်။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ အသေးစိတ် အချက်အလက်များကို ပြောင်းလဲရမည့်အပြင် မှတ်ပုံတင်လက်မှတ် အသစ်တစ်စောင်ကို ထုတ်ပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရကုမ္ပဏီတစ်ခု၏ရပ်တည်မှုပြောင်းလဲခြင်းသည်-

(၁) ဥပဒေအရ ရပ်တည်နိုင်သည့် အဖွဲ့အစည်းအသစ် တစ်ခုပေါ်ပေါက်လာခြင်း မရှိစေရ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ပစ္စည်းများ၊ အခွင့်အရေးနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ၊ သို့မဟုတ်

(၃) ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက တရားစွဲဆိုမှု ကိုသော်လည်းကောင်း၊ ယင်းတို့အပေါ် တရားစွဲဆိုမှုကိုသော်လည်းကောင်း ထိခိုက်ခြင်း မရှိစေရ၊ သို့မဟုတ်

(၄) သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပြုလုပ်ရန်လိုအပ်သော အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဒဏ်ကြေးအနေဖြင့် ပေးချေရမည့် ငွေပမာဏတစ်ရပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအတွက်ကုမ္ပဏီ၏တာဝန်ရှိမှုကိုထိခိုက်ခြင်းမရှိစေရ။

(င)  ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခုကို ဥပဒေအရ အသေးစားကုမ္ပဏီ တစ်ခုအဖြစ် သတ်မှတ်ခြင်းမပြုရ။

**အခန်း (၉)**

**အသေးစားကုမ္ပဏီများ**

၁၄။  အသေးစားကုမ္ပဏီတစ်ခုသည် ယင်း၏ဘဏ္ဍာရေးနှစ်တစ်လျှောက်လုံး ဥပဒေပုဒ်မ (၁) (ဂ) (၃၈) တွင် ဖော်ပြထားသော စည်းကမ်းချက်များနှင့် ကိုက်ညီရမည်။

**အခန်း (၁၀)**

**အထွေထွေ**

၁၅။  ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ စည်းမျဉ်းကို ဤစည်းမျဉ်းဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်  ၊ စဘ/စီမံ - ၁/၃ /၂၆ ( ၆၀၃၈ /၂၀၁၈ )
ရက်စွဲ  ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ  ၂၃  ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန (အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (အားလုံး)

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်

ဤဝန်ကြီးဌာနအောက်ရှိ ကျန်ဦးစီးဌာနများ/ အဖွဲ့အစည်းအားလုံး
ဤဝန်ကြီးရုံး၊ ဌာနခွဲအားလုံး
ရုံးလက်ခံ / မျှောစာတွဲ

အမိန့်အရ

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်